# ဝိုကာလျနှင်းဝေ

မင်းတစ်ယောက်တည်းသာ
စိုးမိုးလို့နေတာ



# အခန်း(၁)

ပင်လယ်ပြင်ကြီးပေါ်သို့ ထိုးဆင်းတော့မည့် အလားရှိခဲ့သော လေယာဉ်ကြီးက ကျောက်တောင်၊ ကျောက်ကမ်းပါးများကို ကျော်ဖြတ်ပြီး ပြန့်ပြူးသော လေယာဉ်ပြေး လှမ်းကြောင်းပေါ်သို့ ဆင်းခဲ့ပါပြီ။

သံတွဲမြို့ရဲ့ မဇင်လေဆိပ်သို့ ဆင်းလျှင် သည့်လိုပဲ ဆင်းသည်ဆိုတာကို လေယာဉ်နှင့် မလာဖူးသော ဖူးပွင့်ဝေတစ်ယောက်မသိရှာပါ။

ရင်တွေ အသည်းတွေ တုန်လှုပ်သွားသည် အထိ ထိတ်လန့်သွားသည်မှာ အမှန်ပါ။ ရပ်သွားသော လေယာဉ်ပေါ်ကနေ အခြား ခရီးသည်များရဲ့ နောက်ပါကနေ ပါလာခဲ့သည်။

မတွေ့တာကြာပြီ ဖြစ်သော လွမ်းလှသည့် မျက်နှာ တစ်ခုကို လာကြိုနေသော လူတွေထဲမှာ ဖွေရှာ ကြည့်နေသည်။

မတွေ့ပါ။ ဖူးပွင့်ဝေရင်မှာ တလှပ်လှပ် စိုးရိမ်ထိတ်လန့်မှုဖြင့် ခုန်မြည်နေသည်။ ခရီးသည်တွေလည်း တဖြည်းဖြည်း ထွက်ခွာကုန်ကြပြီ။

တစ်ယောက်စနှစ်ယောက်စ လောက်သာ ကျန်တော့သည်။

"ဒုက္ခပါပဲ. . .ကိုမိုး လာမကြိုဘူးထင်ပါရဲ့၊ ငါဘယ်ကို သွားလို့ ဘယ်မှာ တည်းရမှာလဲ"

မျက်စိမျက်နှာပျက်ပျက်နှင့် စိုးရိမ်ထိတ်လန့်မှုတွေ ရင်မှာ မဆံ့အောင် ရှိနေသည်။

*

# အခန်း(၂)

မျက်စိကြောင်တောင်မျက်နှာပျက်ပျက်နှင့် အားကိုးတကြီး မိုးဝေဆိုသော သူကို အပြေးအလွှား ရှာဖွေ ကြည့်နေသည်။

ခပ်ငယ်ငယ် ချောချော လူတစ်ယောက် သူမတပါးသို့ အပြေးအလွှား ရောက်လာသည်။ မိုးဝေ နှင့် အသက်ချင်း မတိမ်းမယိမ်း ဒါမှမဟုတ် တူတူလောက်ရှိမည့်သူ တစ်ယောက်ပါ၊

“ဖူးပွင့်ဝေ ထင်တယ်”

သူမရဲ့ နာမည်ကို ရင်းရင်းနှီးနှီးကြီး သုံးလိုက်သော ထိုသူကို မျက်ဝန်းတည်တည် လေးနှင့် ပြန် ၍ ကြည့်သည်။

“ဟုတ်ပါတယ်”

“ကျွန်တော် နောက်ကျသွားတဲ့ အတွက် ဆောရီးပဲဗျာ၊ မိုးဝေက သူမအားတာနဲ့ ကျွန်တော့်ကို ကြိုခိုင်းလိုက်တာ၊ ကျွန်တော့်နာမည် ကျော်ဇင်ပါ”

ဖူးပွင့်ဝေ စိတ်ဓာတ်ကျသလို စိတ်အားလည်း ငယ်သွားသည်။

တစ်ခါမှ မတွေ့ဖူးသော သူစိမ်းယောကျ်ား တစ်ယောက်ကို ကြိုခိုင်းသည့် မိုးဝေကို လည်း အကြီးအကျယ်ဒေါသ ဖြစ်နေသည်။

“ဆောရီးပဲဗျာ၊ အသိတစ်ယောက်နဲ့ စကားပြောပြီး ကျွန်တော် နည်းနည်းနောက်ကျ သွား တယ်၊ ပစ္စည်းက ဒါအကုန်ပဲလား”

ဖူးပွင့်ဝေရဲ့ ဘေးမှာ ချထားသော ခရီးဆောင်အိတ်တစ်လုံးကိုသာ

တွေ့ရပြီး ကျော်ဇင်က မေးသည်။

ကျော်ဇင်ကိုကြည့်ရင်း ဖူးပွင့်ဝေရင်ထဲမှာ သံသယစိတ် ဖြစ်မိသော်လည်း အရဲစွန့်ပြီး လိုက်သွားရန် စိတ်ကူးရသည်။

မိုးဝေက လာ၍ ကြိုခိုင်းသည် ဆိုသည်မှာ ဟုတ်မှာပါပဲလို့ ဖြေသိမ့်စွာ တွေးသည်။

"ဟုတ်တယ်၊ ဒါပဲ ပါတာပါ"

"လာလေ . . သွားကြစို့ "

ခရီးဆောင် အိတ်ကို ကျော်ဇင်က သွက်လက်စွာ ကောက်ယူပြီး ဖူးပွင့်ဝေကို ခေါ်သည်။ မသယ်ပါနှင့် လို့အားနာစွာ ငြင်းဆန်ဖို့ပင် ဖူးပွင့်ဝေ မေ့သွားသည်။

လေဆိပ်အပြင်ဘက်မှာ ရပ်ထားသော အဖြူနှင့်အပြာ မှိုင်းရောစပ်ထားသည့် အရောင်ဖြင့် ထည်ဝါစွာ ရှိနေသော ပါဂျရိုးကားကြီးကို တွေ့ရသည်။

"ကိုမိုးက ဘာတွေ အလုပ်များနေလို့လဲဟင်"

"ခရီးထွက်ဖို့ လိုအပ်တဲ့ ပစ္စည်းတွေ သွားဝယ်နေတာပါ . . ."

"ကိုမိုးတို့က အဲလိုချည်းပဲ ဖူးပွင့်ဝေကို ဆိုရင် လေးလေးစားစားကို မရှိဘူး"

စိတ်ထဲကနေ မိုးဝေကို ရန်ထောင်နေသည်။ ကျော်ဇင်ရဲ့ ပါဂျရိုး ကားပေါ်သို့ တက်ပြီး စိတ်ရဲရဲ နှင့်ပင် လိုက်ပါခဲ့သည်။

"ဖူးပွင့်ဝေနဲ့ မိုးဝေက အမြွှာဆိုပေမယ့် ဆင်ရုံပဲ ဆင်တယ်၊ သိပ်မတူဘူးနော်"

"ဟုတ်တယ် . . .ယောကျ်ားလေးနဲ့ မိန်းကလေး အမြှာတွေက အဲလိုပဲ မတူတတ်တာ များတယ် ပြောကြတာပဲ"

"ဒါပေမယ့် ကြည့်လိုက်တာနဲ့ မောင်နှမဆိုတာ သိသာထင်ရှားတယ်"

ကားမောင်းနေရင်းကနေ ကျော်ဇင်က သူမကို မကြာခဏ လှည့်ကြည့်ပြီး ပြောသည်။

"ဖူးပွင့်ဝေက မိုးဝေထက် အများကြီး ပိုချောပါတယ်"

ရဲရဲကြီး ပြောလိုက်သော ကျော်ဇင်ကို တအံ့တသြနှင့် ဖူးပွင့်ဝေက လှမ်းကြည့်သည်။ ရုပ်ချောသလို ပွေ့ပုံရသော ကျော်ဇင်ရဲ့ သဘောထားကို ရိပ်စားမိသည်။

"မိုးဝေမှာ ဒီလောက်ချောတဲ့ ညီမရှိတယ်ဆိုတာ ဒီနေ့မှပဲ သိရတော့တယ်လေ၊ သွားမယ့်ခရီးစဉ်မှာ ဖူးပွင့်ဝေ လိုက်လာမယ်ဆိုတော့ ပျင်းတော့မှာ မဟုတ်ပါဘူး"

ကျော်ဇင်ရဲ့ စကားများကို မနှစ်မြို့သော်လည်း ဖူးပွင့်ဝေ လိုက်လာမယ်ဆိုတော့ ပျင်းတော့မှာ မဟုတ်ပါဘူး

ကျော်ဇင်ရဲ့ စကားများကို မနှစ်မြို့သော်လည်း ဖူးပွင့်ဝေက ဘာမှပြန်မပြောလဲ နှုတ်ဆိတ်နေလိုက်သည်။

လုံးသာသို့ ကျော်ဇင်က ကားကို မောင်းခဲ့သည်။ ဆိပ်ကမ်းမှာ စက်လှေအချို့ ဆိုင်ကပ်ထားသည်။

'သီတာအေး' အမည်ကို လှပစွာ ရေးထားသော စက်လှေဆီသို့ ဖူးပွင့်ဝေကို ကျော်ဇင် က ခေါ်ခဲ့သည်။ ဆေးရောင်များ သစ်လွင်တောက်ပနေသော စက်လှေကိုကြည့်ပြီး ဖူးပွင့်ဝေက သဘောကျနေသည်။

"ကဲ. . ဖူးပွင့်ဝေ ဒီမှာ ခဏစောင့်နေဦးနော်၊ ကျွန်တော်မိုးဝေကို

သွားခေါ်လိုက်ဦးမယ်”

“ဟုတ်ကဲ့. . .”

တိတ်ဆိတ်နေသော စက်လှေပေါ်ရှိ စက်ခန်းတွင် အလုပ်လုပ်နေသော အလုပ်သမား တစ်ဦးကိုသာ ဖူးပွင့်ဝေက တွေ့ရှိလိုက်သည်။ ကျော်ဇင်က သုတ်သီးသုတ်ပျာနှင့် ပြန်ဆင်းသွား သည်။

အိပ်ခန်း သုံးလေးခန်းပါသော စက်လှေက အခြားစက်လှေများထက် သားနားနေသည ကို ဖူးပွင့်ဝေ တွေ့ရှိရသည်။ စိတ်ထဲမှာလည်း သိပ်ကို ကျေနပ်နေသည်။ စက်လှေပေါ်ကနေ ကျယ်ပြန့်သော ပင်လယ်ပြာကြီးနှင့် လှိုင်းခေါင်းဖြူဖြူဖွေးဖွေးတွေကို ကြည့်ပြီး သာယာလှပ သော သဘာဝရှုခင်းကို ပြည့်ပြည့်ဝဝ ခံစားကြည့်နေသည်။

တိုက်ခတ်လာသော ပင်လယ်လေကြမ်းကြမ်းက သူမရဲ့ ပခုံးသာသာရှိသော ဆံပင်တွေ ကို ဆွဲဖွပြီး မွှေ့ယမ်းသွားသည်။ မျက်နှာပေါ်မှာ အုပ်မိုးလှတဲ့ နူးညံ့ပျော့ပျောင်းတဲ့ ဆံစတွေ ကို ဖယ်ရှားပြီး ပျောက်ကွယ်ခဲ့သော မြင်ကွင်းကို ပြန်၍ ကြည့်နေသည်။

ကိုယ်ပေါ်မှာ ဝတ်ဆင်ထားသော ဘလောက်စ်အင်္ကျီပွပွနှင့် ပျော့ပျောင်းသော လုံချည်စကလေးမှာ တဖျတ်ဖျတ် လွင့်နေသည်။ လွင့်နေသော အဝတ်အစားများကို ကိုယ်မှာ ဆွဲကပ်ဖိထားပြီး စက်လှေကို လှည့်ပတ်ကြည့်ရှုရန် စိတ်ကူးသည်။

အထူးသဖြင့် စက်လှေမှာရှိနေသော အခန်းလေး လေးခန်းကို သိပ်ကို စိတ်ဝင်စားနေ သည်၊ နှစ်ခန်းစီ ကျောချင်း ကပ်ထားသော အခန်းလေးခန်းအနက်မှာ ထိပ်ဆုံးက အခန်းကို ပထမဦးဆုံး ဝင်ကြည့်ရန် စိတ်ကူးသည်။

သော့ခတ်ထားခြင်းမရှိသော တံခါးရဲ့ လက်ကိုင်ဘုကို ဆွဲလှည့်သည်။ ပွင့်သွားသော တံခါးရွက်ကနေ အထဲသို့ ဝင်သည်။ အခန်းထဲမှာ အပြင်ကထက်

မှောင်မည်းနေ၍ ဝင်ဝင်ချင်း ဘာကိုမျှ သဲသဲကွဲကွဲ မမြင်ရပါ။

"အို . .."

ရုတ်တရက် သူမရဲ့ ကိုယ်ကို တင်းကျပ်စွာ ဖက်တွယ်ခြင်းကို ခံလိုက်ရ၍ ဖူးပွင့်ဝေ လွန်စွာ ထိတ်လန့်သွားသည်။ ဘယ်သူလဲ လွတ်ဆိုလွတ်

အတင်းရုန်းထွက်ရင်းကနေ အလန့်တကြား အော်၍ ပြောသည်။ သူမရဲ့ ပါးစပ်ကို တင်းတင်းကျပ်ကျပ် ပိတ်ကိုင်ခြင်းကို ခံလိုက်ရ၍ ပိုပြီး ထိတ်လန့် တုန်လှုပ်သွားသည်။ တစ်ကိုယ်လုံး တောင့်တင်းသွားအောင်ပင် ကြောက်စိတ်တွေ ကြီးစိုးသွားသည်။ ဦးခေါင်းထဲမှာ လည်း မူးဝေနောက်ကျိမတတ် ခံစားရသည်။ ရှိသမျှ အင်အားတွေကို ရုန်းပြီး လွတ်ထွက်ဖို့ ကြိုးစားသည်။

"ဘာလို့ ဒါလောက် ရုန်းနေတာလဲ"

အလွန် ကြည်လင်ပြတ်သား၍ အသံဩဇာနှင့် ပြည့်စုံ သော အသံကို ကြားရသည်။ မော့ကြည့်ရန် ကြိုးစားပေမယ့် ၊ တင်းကျပ်စွာ တုပ်နှောင်မှုအောက်မှာ မော့ကြည့်၍ မရအောင် ဖြစ်နေသည်။

ဖျတ်ခနဲ အလင်းရောင်တစ်ခု အခန်းထဲမှ ပျံ့နှံ့သွားသည်။ သူမကို ဇိုင်းစိုးပိုင်နှင်း ချုပ် ကိုင်ထားသူကိုလည်း ပြန်မော့ကြည့်လိုက်သည်။

"ဟင် . ."

အလွန်ချော့မွေ့ တည်ကြည်သော ရုပ်ရည်ရှိသည့် ယောကျ်ားတစ်ဦးကို တွေ့ရသည်။ ထိုစဉ်ခိုက်မှာ ဒေါသတွေ ရင်ထဲမှာ အလုအယက် ဝင်ရောက်လာသည်။ ကိုယ်လေးကို ဆောင့်ရုန်း ကြည့်သည်။ မရပါ။

"မင်း ဘာပစ္စည်းခိုးဖို့ တက်လာတာလဲ၊ ဒါမှ မဟုတ် ကျော်ဇင်နဲ့ အချိန်းအချက်လုပ်ပြီး လာတွေ့တာလား"

သူမရဲ့ ပါးစပ်မှာ ပိတ်ထားသော လက်ကို ဖယ်ပြီးထိုသူက

လှောင်ထေ့ထေ့နှင့် ပြောသည်။ သူ့မျက်ဝန်းထဲမှာ အလွန်အထင်သေးသော အကြည့်များကို တွေ့ရသည်။ ဖူးပွင့်ဝေ ဒေါသဖြစ်လွန်း၍ အသားတွေပင် တဆတ်ဆတ် တုန်နေသည်။

"ရှင်ဘာစကား ပြောတာလဲ၊ စော်ကားလှချည်လား"

"ဟ . . .ဘာစော်ကားလို့လဲ၊ စက်လှေပေါ်တက်လာတာ ပစ္စည်းခိုးဖို့ ဒါမှမဟုတ်၊ စက်လှေ သမားတွေကို ဖျော်ဖြေပျော်ပါးဖို့က လွဲရင် ဘာရှိမှာလဲ "

ရှက်ဒေါသများကြောင့် ဖူးပွင့်ဝေရဲ့ မျက်နှာလေးရဲရဲ တွက်သွားသည်။ လှောင်ရယ်များ နှင့် ရယ်နေသော မျက်နှာချောချောကို ဒေါသဖြစ်လွန်း၍ ရိုက်ပစ်ရန် လက်အမြောက်၊ သူ့ပါးနားအရောက် လက်က တန့်သွားသည်။ တင်းကျပ်နာကျင်စွာ ဆုပ်ကိုင်ခြင်းကို ခံလိုက်ရ သည်။

"အဲလို မလုပ်နဲ့လေ၊ တို့ပြောတဲ့အထဲမှာ ဘာများနာစရာရှိလို့လဲ၊ အမှန်တွေကို ပြောနေတာပဲ"

အေးအေးဆေးဆေး သရော်တော်တော် ပြောနေသော သူ့စကားတွေက ပိုပြီး မခံချင်စ ရာပါ။ အသားတွေ တဆတ်ဆတ်တုန်အောင်ပင် ဖူးပွင့်ဝေ ဒေါသဖြစ်နေသည်။

"ရှင်. . ရှင် လူပါးဝလှချည်လား"

"နေစမ်းပါဦး မင်းက စက်လှေပေါ်လဲ ပိုင်စိုး ပိုင်နင်း တက်လာသေးတယ်၊ ရန်လဲ ထောင်သေး၊ မင်းဘယ်သူလဲ"

"ဖူးသစ်ဝေ"

ဆောင့်ဆောင့် အောင့်အောင့်နှင့် ဖူးပွင့်ဝေက သူမရဲ့ အမည်ကို ပြောလိုက်သည်။

"ဟာ. . .အဲဒီ နာမည် တို့အသိထဲမှာ လုံးဝမရှိဘူး"

"ဟုတ်မယ်၊ ရှင့်လို လူမျိုးလဲ ကျွန်မ အသိထဲမှာ မရှိဘူး"

"ဟုတ်ပါပြီ၊ ဒါနဲ့ မင်းက ဒီစက်လှေပေါ်၊ ဘာလို့လာလဲ ပြောပါဦး"

ခါးထောက်ပြီး မျက်နှာထားတည်တည်နှင့် မေးနေသော ထိုသူကို ဖူးပွင့်ဝေက မျက်စောင်း ထိုးပစ်လိုက်သည်။ ပြီးတော့ မျက်နှာလေးကို မော့ပြီး ဝင့်ကြွားစွာနှင့် ပြောသည်။

"ကျွန်မက ဖူးပွင့်ဝေလေ၊ ဒီစက်လှေမှာ ရှိနေတဲ့ ကိုမိုးဝေရဲ့ညီမ"

"ဟိုက်"

ပါးစပ်အဟောင်းသား ပြူးဝိုင်းသော မျက်ဝန်းများနှင့် သူက ဖူးပွင့်ဝေကို ကြည့်နေသည်

"မင်းက မိုးဝေရဲ့ ညီမ ဟုတ်လား"

လက်ညှိုးထိုးပြီး ထပ်ကာမေးသည်။

"ဟုတ်တယ်၊ မိုးဝေရဲ့အမြွှာညီမ"

"ဟိုက်. . သွားပြီ"

ထိုသူက ပြန့်ပြူးသော သူ့နဖူးကို လက်ဝါးနှင့်ဖျတ်ခနဲရိုက်ပြီး၊ စိတ်ပျက်လက်ပျက် ညည်းလိုက်သည်။

"တို့က မိုးဝေရဲ့ အမြွှာဆိုတာ သူ့လိုပဲ ယောကျ်ားလေးပဲထင်နေတာ၊ သူကလဲ နာမည် မပြောဘူးလေ၊ သူရဲ့အမြွှာလိုပဲ ပြောခဲ့တာကိုး"

သူရဲ့လွဲမှားစွာ ခံယူထားမှုအတွက် မယုံနိုင်လောက်အောင် ခေါင်းတခါခါနှင့် သူက ရှိနေသည်။

"ဒါနဲ့ ရှင်ကရော ဘယ်သူလဲ၊ ဒီစက်လှေပေါ်မှာ ရှင်ကတော်တော်အာဏာသုံးပုံပေါ် လှချည်လား"

ဖူူးပွင့်ဝေ စိတ်တိုတိုနှင့် ထိုသူကို အသားလွတ်ကြီး ခွပ်လိုက်သည်။ သူမကို ပိုင်စိုးပိုင်နင်း ဖက်တွယ်ဖမ်းထားခဲ့သည့်အတွက် မကျေနိုင် မချမ်းနိုင်ကို ရှိနေသေးသည်။

"တို့ကို မင်းမသိသေးရင် ပြောရတာ ပေါ့၊ မိုးဝေရဲ့ အခင်ဆုံး သူငယ်ချင်း မိုးကျော်နိုင် လေ"

"ရှင်. . "

စွတ်ရွတ်ပြီး ရန်တွေ့မိသော ဖူးပွင့်ဝေ ပါးစပ်အဟောင်းသားနှင့် မိုးကျော်နိုင်ကို ကြည့်နေသည်။ မိုးဝေရေးတဲ့ စာတွေထဲမှာ မကြာခဏတွေ့ရှိရ၍ မိုးကျော်နိုင်ရဲ့ အမည်ကို တော်တော်လေး ရင်းနှီးပြီးသား ရှိနေသည်လေ။

သီတာအေး စက်လှေကို ငှားထားသော ပိုင်ရှင်မှန်း သိရခိုက် ရန်တွေ့မိသည့်အတွက် ဖူးပွင့်ဝေက တော်တော်လေး မျက်နှာပူနေပါသည်။ မိုးကျော်နိုင်ရဲ့ မျက်နှာကို လှမ်းမကြည့်ရဲ အောင်ပင် ရှက်သွားသည်။.

"ကိုမိုးကျော်နိုင်မှန်းမသိလို့ ပွင့်ဝေ ပြောမိတာ ဆောရီးနော်"

"ဒါဆို ကိုယ်ကပဲ တောင်းပန်ရဦးမှာပေါ့၊ မိုးဝေရဲ့ ညီမမှန်း မသိလို့ ပြောမိတဲ့အ တွက်လေ"

ပြုံးငွေ့ငွေ့နှင့်ကြည့်နေသော သူ့မျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး အကြည့်ကို မြန်မြန် ရုတ်သိမ်းမိသည်။

ပြုံးလိုက်ရယ်လိုက်မှ နှစ်လိုဖွယ် ပိုရှိသွားပြီး စွဲမက်စရာ ကောင်းလွန်းနေမှန်း သတိပြု မိသည်။ ဖူးပွင့်ဝေရဲ့ ဦးနှောက်ထက် နှလုံးသားက အလျင်သိရှိနေပြီး ရင်မှာ တလှပ်လှပ် ခုန် မြန်နေသည်။

"မိုးဝေက ဘယ်တုန်းကမှ ဖူးပွင့်ဝေရဲ့ နာမည်ကို မပြောခဲ့ဖူးဘူး ။ သူရဲ့အမြွာလို့ပဲ ခေါ်ခဲ့ပြောခဲ့တော့ တို့လဲ နာမည်ကို မသိတဲ့အပြင်

ယောက်ျားလေးလို့ပဲ ထင်ခဲ့တာပေါ့”

မိုးကျော်နိုင်ရဲ့ ဆင်ခြေကို လက်ခံနိုင်သလို ရှိသွားသော်လည်း သူမကို ပိုင်စိုးပိုင်နင်း ဖမ်းချုပ်ဖက်ထွေးသည့်အတွက် မကျေနပ်နိုင်အောင်ပင် ရှိနေသေးသည်။

“မိုးဝေက ပြောတယ်၊ သူ့ရဲ့အမြွာကို သွားမယ့်ခရီးစဉ်မှာ ခေါ်ချင်တယ်ဆိုလို့ တို့က လက်ခံလိုက်တယ်။ မိန်းကလေးမှန်း မသိခင်ကပေါ့”

ဖူးပွင့်ဝေရဲ့ ရင်ထဲမှာ ထိတ်ခနဲ စိုးရိမ်သွားပြန်သည်။

“မိန်းကလေးဆိုရင် မခေါ်ချင်တဲ့ သဘောလားဟင်. . . .”

“ဟုတ်တယ်လေ. . .”

မျှော်လင့်တကြီးနဲ့လာခဲ့သူ ဖူးပွင့်ဝေရဲ့ ရင်ထဲမှာ အရမ်းမောသွားသလို ခြေကုန်လက် ပန်းလည်း ကျသွားသည်။ သည်ခရီးစဉ်ကို စာရေးပြီး မိုးဝေပြောစဉ်ကတည်းက လွန်စွာလိုက် ချင်ခဲ့သည်သ ၁။ ဒါကြောင့် လိုက်ချင်သည့်အကြောင်းကို မိုးဝေအားစာနှင့် အတန်တန်ရေး၍ ပူဆာခဲ့သည်။

စက်လှေပိုင်ရှင်ပြီးတော့ မိုးဝေရဲ့အလုပ်ရှင် ဖြစ်နေတဲ့ မိုးကျော်နိုင်က မိန်းကလေးကို မ ခေါ်၍ ထားပစ်ခဲ့မည်ဆိုလျှင် ဒုက္ခပါပဲ။

“ဒီခရီးစဉ်ကို စိတ်ဝင်စားလွန်းလို့ ကျွန်မလိုက်ချင်တယ်၊ ရန်ကုန်အဝေးကြီးကနေ လာခဲ့ပြီးမှ ဒီအတိုင်း ကျွန်မပြန်မသွားချင်ဘူး၊ ပြီးတော့ အလုပ်ကလဲ ထွက်ပြီး လာခဲ့တာ”

“မင်းက အပိုင်တွက်ပြီး လာခဲ့တာကိုး ကြည့်သေးတာပေါ့လေ”

မိုးကျော်နိုင်ရဲ့ မတင်မကျ စကားကြောင့် စိတ်ဓာတ်တွေ အလဲလဲအပြိုပြို ဖြစ်နေသည် မှာ အမှန်။ မိုးဝေကိုသာ ဒေါသဖြစ်နေသည်။ ဆက်ဆံရခက်သော မိုးကျော်နိုင်နှင့် သူမ နှစ်ယောက်တည်း တွေ့ရသည်မှာမလွယ်။ မိုးဝေက

ဘေးကကူပြောပေးလျှင် ဖေးမဖော်ရလျှင် ဘယ်လောက်ကောင်းလိမ့်မလဲလို့ တွေးနေသည်။

"ကဲ. . . လာ မင်းနေရမယ့် အခန်းပြမယ်"

တစ်ဖက်ခန်းသို့ ခေါ်သွားပြီး ဖူးပွင့်ဝေအား နေရာပေးသည်။ သူလည်းထွက်သွားရော အခန်းထဲရှိ ခုတင်လေးပေါ်မှာ စိတ်ပျက်လက်ပျက်နှင့် ဖူးပွင့်ဝေက ပစ်လှဲလိုက်သည်။

*

# အခန်း(၃)

အခန်းတစ်ခန်းကို နေခွင့်ပေးပြီး မိုးကျော်နိုင်က ထွက်သွားသည်။ စိတ်ပန်းလူပန်းနှင့် ဖူးပွင့်ဝေက အိပ်ပျော်သွားသည်။ ဘယ်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။ ကိုယ်ကိုလာ၍ ပုတ်နှိုးလိုက်ခြင်းကို ခံရမှနိုးသွားသည်။

ငုံ့မိုးကြည့်နေသော မျက်နှာပြုံးပြုံးကို တွေ့ရပြီး ဖမ်းသာအားရနှင့် ခေါ်သည်။

"ဟင်. . . ကိုမိုး"

"အိပ်ပုတ်မလေး . .၊ ရောက်တာနဲ့ အိပ်နေတာပဲလား"

"ကိုမိုးက တကယ်မကောင်းဘူး၊ ပွင့်ဝေကို ဘာလို့လာမကြိုတာလဲ၊ ဒီမှာ ပြဿနာ တွေ တက်ကုန်တယ် သိလား"

နှုတ်ခမ်းလေးစူပြီး ဖူးပွင့်ဝေက အစ်ကို့ကို ရန်တွေ့သည်။ မိုးဝေက သဘောကျစွာ အသံပြဲကြီးနှင့်ရယ်သည်။

"ဘာရယ်တာလဲ"

"ကျော်ကြီးပြောလို့ အားလုံးသိပြီးပါပြီ၊ ငါ့ညီမက စက်လှေရှင်ကို ကောင်းကောင်းကြီး ရန်ပြန်တွေ့တယ်ဆို"

"တွေ့တာပေါ့၊ သူကလူကို သူခိုးဆိုပြီး စွပ်စွဲတာကိုး"

"ဟုတ်သားပဲ၊ သူမသိတဲ့ မိန်းမတစ်ယောက် စက်လှေပေါ်၊ သူ့အခန်းထဲ ပိုင်စိုး ပိုင်နင်း ဝင်လာတာကိုး၊ စွပ်စွဲမှာပေါ့"

"အဲဒါ ကိုမိုးအသုံးမကျလို့ပေါ့၊ အမြွာညီမရှိတယ်လို့ တိတိကျကျပြောထားတာမှ မဟုတ်ဘဲ. ."

"ဆောရီးပဲ ပွင့်ဝေရာ၊ ကိုမိုးက သူ့ကို အမြွာက မိန်းကလေးဆိုတာ ပြောမထားမိခဲ့ ဘူး"

"ခု သူက၊ ပွင့်ဝေကို သွားမယ့်ခရီးစဉ်မှာ လက်ခံချင်ပုံ မပေါ်ဘူး"

"လက်ခံမှာပါကွာ ပွင့်ဝေရဲ့အရည်အချင်းတွေကို ပြောပြထားပါတယ်"

"မလိုက်ရရင် ပွင့်ဝေတော့ ဒုက္ခပါပဲ၊ ဘယ်မှာ သွားနေရမှလဲ"

"အသာနေစမ်းပါ ပွင့်ဝေရယ်၊ လိုက်ရအောင်ပြောပေးပါ့မယ်၊ ရောက်တာနဲ့ ဂျီမတိုက် ချင်စမ်းနဲ့ကွာ"

"လိုက်ရမယ်ဆိုပြီးရော"

"ကဲ. . .ထ၊ ရေချိုးပြီးရင် ကုန်းပေါ်တက်ပြီး ညစာသွားစားကြမယ်"

"ဘယ်မှာ ရေချိုးရမှာလဲ ပြဦးလေ"

"ကဲ . . လာလိုက်ခဲ့"

ချိုးရေများ သိုလှောင်ထားရာ ရေချိုးခန်းမဆီသို့ ညီမကို လိုက်ပြသည်။ စနစ်တကျ သန့်ပြန့်နေသော စက်လှေကိုကြည့်ပြီး ဖူးပွင့်ဝေ သဘောကျနေသည်။ ရေချိုးပြီး အခန်းထဲမှာ ပြန်ပြီး အလှအပ အနည်းငယ်ပြင်ဆင်လိုက်သည်။

မိုးဝေက အလုပ်များနေ၍ အခန်းထဲမှာပဲ ခဏအောင်းနေလိုက်သည်။

ယောက်ျားပီသသလို၊ ကျစ်လျစ်သော ကိုယ်ခန္ဓာနှင့် ဖွဲ့စည်းထားသော မိုးကျော်ခိုင် သည် ခုခေတ်ရေပန်းစားသော အင်တာနေရှင်နယ် ဘော်ဒီမျိုးပါ။

ထူထဲနက်မှောင်နေသော ဆံပင်၊ သန်စွမ်းသော မျက်ခုံးထူထူ၊ ပေါ်လွင်နေသော နှာတံ၊ ပီပြတ်သေသပ်သော နှုတ်ခမ်းတို့ဖြင့်

တည်ကြည်ချောမွေ့နေမှုရှိနေသည်။

မျက်ဝန်းတောက်တောက် စူးရှခြင်းက ထက်မြက်ပြတ်သားမှုကို ဖော်ပြနေသည်။

အားလုံးကို ဖွဲ့စည်းကြည့်လိုက်တော့ မိုးကျော်နိုင်သည် အလွန်ဆွဲဆောင်မှုရှိသော လူတစ်ယောက် ဆိုတာကို ဖူးပွင့်ဝေက လက်ခံလိုက်သည်။

သူ့ရဲ့ရင်ခွင်ထဲမှာ တင်းတင်းကျပ်ကျပ်ကြီးရောက်သွားရသည့်အဖြစ်ကို တွေးမိခိုက်မှာ နှလုံးသားထဲမှာ ပြင်းပြင်းထန်ထန်ကြီးကို ခုန်လှုပ်သွားသည်။

"တော်တော် လက်ရဲဇက်ရဲနိုင်တဲ့သူ"

တစ်ယောက်တည်း တွေးရင်း ရှက်စိတ်တွေ တဖြာဖြာနှင့် ရှိနေသည်။

ယောကျ်ားတစ်ဦးရဲ့ ရင်ခွင်ထဲသို့ ပထမဦးဆုံးအကြိမ်ရောက်ရှိခဲ့ရသည့် မိမိရဲ့အဖြစ် အတွက်လည်း အူတုန်သည်းတုန် ဖြစ်နေသည်။

"မြင်မြင်ချင်း ရှင့်ရဲ့လုပ်ရပ်ကို မကျေနပ်ပေမယ့် စိတ်ဝင်စားလိုက်တာ အမှန်ပဲ ကိုမိုးကျော်နိုင်ရေ့"

စိတ်ထဲကနေ မိုးကျော်နိုင်ကို တိတိလင်းလင်းကြီးပဲ ပြောလိုက်သည်။

မိုးကျော်နိုင်သည် လူပျိုလူလွတ်တစ်ယောက်မှ ဟုတ်ပါရဲ့လားလို့ တွေးမိပြီး စိတ်ဝင်စား သွားသည့်အတွက် တစ်မျိုးကြီးကို ဖြစ်ပြီး တစ်ယောက်တည်း ရှက်ရယ် ရယ်လိုက်သည်။

"ဟိတ် . . ဘာတွေ တစ်ယောက်တည်း သဘောကျနေတာလဲ"

ရုတ်တရက် အခန်းထဲသို့ ဝင်လာသော မိုးဝေက အိပ်ရာပေါ်လှဲရင်း ပြုံးစိစိဖြစ်နေသော ညီမကို လှမ်းပြောသည်။

"ဟာ. . .ကိုမိုးကြီးက ခုမှလာတယ်၊ ဒီမှာပွင့်ဝေပျင်းလှပြီ သိလား"

"ပျင်းမနေနဲ့ . . ထမင်းသွားစားမယ်၊ ကျော်ကြီးတို့ စောင့်နေကြတယ်"

"ဟင်. . သူတို့နဲ့အတူ သွားစားရမှာ ဖူးပွင့်ဝေ စိတ်ထဲတွင် မဝံ့မရဲဖြစ်နေသည်။"

မကြာသေးခင်က ဖြစ်ပျက်သော အဖြစ်အပျက်ကို စဉ်းစားမိလေတိုင်း ရင်ခုန်စွာ မျက်နှာပူစွာနှင့် ခံစားမိပြန်သည်။

မောင်နှမနှစ်ယောက် အခန်းထဲက ထွက်လာသည်။ စက်လှေ့ရဲ့ ကုန်းပတ်ပေါ်မှာ ကျော်ဇင်နှင့် မိုးကျော်နိုင်တို့ နှစ်ယောက်က စောင့်နေသည်။

ကျော်ဇင်ရဲ့ အကြည့်များကား အလွန်စူးရှစွာ ဖူးပွင့်ဝေရဲ့ မျက်နှာပေါ်တွင် ကျရောက် နေသည်။

ထိုသူရဲ့ အကြည့်ကို ခံစားမိခိုက်မှာ ဖူးပွင့်ဝေရဲ့ ရင်ထဲမှာ ထိတ်လန့်မှု တစ်ခုခုကို ခံ စားလိုက်ရသလို ရှိနေသည်။

မိုးကျော်နိုင်ထံမှ လျှပ်တစ်ပြက် အကြည့်ကြောင့် ဖူးပွင့်ဝေရဲ့ အနေကျုံ့မှု သက်သာ သွားသည်။

"ဘယ်မှာ သွားစားမလဲ ကျော်ကြီး"

ကျော်ဇင်က မိုးကျော်နိုင်ကို မေးသည်။ မိုးကျော်နိုင်က ဖူးပွင့်ဝေကို တစ်ချက်လှမ်းကြည့် ပြီး ပြောသည်။

"ဒီနေ့ ဖူးပွင့်ဝေ ရောက်တဲ့အထိမ်းအမှတ်နဲ့ စတင်းမှာပဲ သွားစားကြတာပေါ့"

"ကောင်းတယ်၊ သိပ်ကိုအဆင်ပြေတယ်"

မိုးဝေက ရယ်မောရင်းနှင့် နောက်ပြောင်စွာ ပြောသည်။

ကျော်ဇင်က ကားမောင်း၍ ရှေ့ခန်းမှာ မိုးကျော်နိုင်က ထိုင်သည်။ ဖူးပွင့်ဝေတို့ မောင်နှမ နှစ်ယောက်က နောက်ခန်းမှာ ထိုင်ကြသည်။

စတင်းဟိုတယ်မှာ စားကောင်းသောက်ဖွယ်များနှင့် မိုးကျော်နိုင်က ဧည့်ခံသည်။ သူမပါ၍ ဘီယာလောက်ကိုသာ မှာယူသောက်သည်ကို တွေ့ရပြီး သူမကိုလေးစားအမှုထား သည့်အတွက် ကျေးဇူးတင်သည်။

စားသောက်ရင်းနှင့် သွားမည့်ခရီးစဉ်အကြောင်းကို ပြောကြသည်၊ မိုးကျော်နိုင်သည် ခရီးစဉ်တွင် သူမကို ခေါ်မည် ဆိုတာကို တိတိလင်းလင်း မပြောသေးပါ။ ထို့ကြောင့် ဖူးပွင့်ဝေရင်ထဲ စိတ်ထဲမှာ မတင်မကျကြီး ဖြစ်နေသည်။

ဖူးပွင့်ဝေကလည်း စကားမစပါ။ မိုးကျော်နိုင်မေ့နေသော ကိစ္စကိုနု သတိပေးလိုက်သလို ရှိနေမှာစိုး၍ မသိလိုက်မသိဘာသာပဲ နေသည်။

"ဇင်သီပါလာရင် သိပ်ကောင်းမှာနော် ကျော်ကြီး"

ကောက်ကာငင်ကာ မိုးဝေကပြောသည်။ ။ဇင်ဇင်သီသည် ကျော်ဇင့်ရဲ့ တစ်ဦးတည်း သော ညီမ ဖြစ်သည်။ ကျော်ဇင်က ညီမဖြစ်သူ ဇင်ဇင်သီနှင့် မိုးကျော်နိုင်ကို သိပ်သဘောတူ နေသည်။

မိုးကျော်နိုင်နှင့် ဇင်ဇင်သီက သမီးရည်းစား အတိအလင်း မကြေညာသေးသော်လည်း အတွဲများနေသော စုံတွဲဖြစ်သည်၊ သူတို့ပြောနေသော ဇင်သီ ဆိုသော အမျိုးသမီးသည် မိုးကျော်နိုင်နှင့် ဘယ်လိုပတ်သက်နေသည်ကို ဖူးပွင့်ဝေမသိသေးသော်လည်း စိတ်ထဲမှာ ထင့် ထင့်ကြီး ဖြစ်နေသည်။

"ဟုတ်ပ့ါကွာ၊ လိုက်ခဲ့ပါဆိုတာ ဟိုမှာ စီးပွားရေးသောင်းကျန်းပြီး မလိုက်ဖြစ်ဘူးလေ"

"ဟုတ်တယ်၊ မင်းညီမက ဘာမဆိုကြည့်ရင် စီးပွားရေးမျက်စိနဲ့ ကြည့်တာ၊ တစ်ချိန် လုံး သူ့ခေါင်းထဲမှာ ငွေတွေ ဂဏန်းတွေနဲ့

ပြည့်နေတယ်ထင်တယ်”

“မိုးဝေကတော့ ပြောတော့မယ်၊ အေး. . .မင်း အဲလိုပြောတာ ကလော ပြန်ရောက်မှ ဇင်သီ့ကို ကုန်းတိုက်လိုက်ရဦးမယ်”

မိုးဝေရဲ့ စကားအရ ဇင်သီလို့ သူတို့ပြောနေသော အမျိုးသမီးသည် ကျော်ဇင်ရဲ့ညီမ ဆိုတာကို ဖူးပွင့်ဝေ သိလိုက်ရသည်။

“ဒီလို လိုက်လာရင် ဇင်ဇင်သီနဲ့ ဖူးပွင့်ဝေကို တွေ့ပေးလို့ ရတာ ပေါ့”

မိုးဝေက ဝင်ပြီးထောက်ခံလိုက်သည်။ ဇင်ဇင်သီသည် မိုးကျော်နိုင်ရဲ့ ဘဝမှာ ဘယ် လောက်ထိ အရေးပါသည်ဆိုတာကို ဖူးပွင့်ဝေ သိလိုလှသည်။

ထမင်းစားဝိုင်းမှာ စကားအနည်းဆုံးက သူမနှင့် မိုးကျော်နိုင်။ မိုးကျော်နိုင်က မကြာခဏ သူမထံသို့လေ့လာသော အကြည့်များကို ပို့တတ်သည်။ ဖူးပွင့်ဝေက သူနဲ့ မျက်နှာ ချင်းဆိုင်မို့ အနေကျပ်လှပါသည်။

စားသောက်ပြီး စက်လှေဆီသို့ ပြန်ခဲ့ကြသည်။ မိုးနေနှင့် နှစ်ယောက်တည်း တွေ့ဆုံ နိုင်ရေးကို ဖူးပွင့်ဝေက ကြိုးစားသည်။ မိုးကျော်နိုင်နှင့် ကျော်ဇင်က ပြန်ပြီး အပြင်ထွက်သွား သည်မို့ လွတ်လပ်စွာ စကားပြောခွင့်ကို ရသည်။

“ကိုမိုးရေ၊ ပွင့်ဝေတော့ အလုပ်ထွက်ပြီး လာခဲ့တာမှားပြီလား မသိဘူး”

“ဘာဖြစ်လို့လဲ ပွင့်ဝေရာ ”

“ကိုမိုးရဲ့ ကိုမိုးကျော်နိုင်က ပွင့်ဝေ အပေါ်မှာ လိုလိုလားလား မရှိလို့ပေါ့”

“ဟာကွာ . .ပွင့်ဝေကလဲ ကျော်ကြီးကို အထင်လွဲနေပြန်ပြီ၊ သူက သိပ်ပြီး စိတ်ရင်း ကောင်းပါတယ်”

“စိတ်ရင်းကောင်းပေမယ့် ခုသွားမယ့် ခရီးစဉ်မှာ ပွင့်ဝေကို ခေါ်ချင်ပုံ မပေါ်ပါဘူး”

“အဲဒါ ပွင့်ဝေရဲ့ အရည်အချင်းကို မသိလေးလို့ပါ၊ ပွင့်ဝေ ရေငုပ်ဘယ်လောက် ကျွမ်းကျင်တယ်ဆိုတာ သူမသိသေးလို့ပါ”

“ဒါနဲ့ ကိုကျော်ဇင်ရဲ့ ညီမ ဇင်ဇင်သီက ဘယ်အရွယ်လောက်ရှိသလဲဟင်”

“တို့အရွယ်လောက်ပဲလေ”

“ချောလား”

“သိပ်ကိုချောပြီး စတိုင်ကျကျနေတတ် ဝတ်တတ်၊ စားတတ်တဲ့မိန်းကလေးပဲ၊ သူ့ထက် ကျော်ဇင်က သုံးနှစ်လောက်ကြီးတယ်လေ၊ ကျော်ဇင်နဲ့ ကျော်ကြီးက အသက်တူတူလောက်ပဲ”

မိုးဝေပြောပြချက်အရ မိုးကျော်နိုင်သည် သူမထက် သုံးနှစ်လောက်ကြီးသည်ဆိုတာကို သိလိုက်ရသည်။

“အဲဒီ ဇင်ဇင်သီနဲ့ ကိုမိုးကျော်နိုင်က ချစ်သူတွေလား ဟင်”

“ချစ်သူအဆင့်တော့ မရောက်ကြသေးဘူး ထင်တယ်၊ ဒါပေမယ့် တစ်နေ့နေ့မှာ ဇင်ဇင်သီက ကျော်ကြီးရဲ့ မဟေသီ ဖြစ်လာမှာ သေချာပါတယ်”

ဘာကြောင့်မှန်းမသိ ၊ မိုးဝေရဲ့ စကားကြောင့် သူမရဲ့ ရင်ထဲမှာ ဟာလာဟင်းလင်းကြီး ဖြစ်သွားသည်။

“ကဲ. . .ပွင့်ဝေ အခန်းထဲမှာ နားလိုက်ဦး. . .၊ ကိုမိုးလုပ်စရာရှိတာလေးတွေ လုပ်လိုက် ဦးမယ်”

“ခရီးစဉ်က ဘယ်နေ့ စမှာလဲဟင်”

“တစ်ရက် နှစ်ရက် နေရင် လိုအပ်တဲ့ ပစ္စည်းတွေ ပြည့်စုံပါပြီ၊ အဆင်သင့် ဖြစ်ရင် ထွက်ရုံပဲ”

“အင်း. . ပွင့်ဝေလိုက်ဖြစ်ပါစေလို့ ဆုတောင်းရမှာပဲ”

“လိုက်ရမှာပေါ့ကွာ၊ သိပ်ပြီး စိတ်ပူမနေပါနဲ့”

သူမကို စိတ်အေးစေရန် ချွေးသိပ်ပြီး မိုးဝေက ထွက်သွားသည်။ အတွေးများနှင့် ဖူးပွင့် ဝေက အဖော်ပြုရင်း ကျန်ရစ်ခဲ့သည်။

*

# အခန်း(၄)

ဖူးပွင့်ဝေရဲ့ အတွေးများ ငယ်စဉ်ကလေး ဘဝက အဖြစ်အပျက်များဆီသို့ တလွင့်လွင့် နှင့် ရောက်ရှိသွားပါတော့သည်။

ဖူးပွင့်ဝေတို့ မောင်နှမနှစ်ယောက် အလွန်ငယ်ရွယ်စဉ်ကပင် မိခင်က ကွယ်လွန်ခဲ့သည်။ ဖခင်က မြိတ်မြို့တွင် ရှိသော အစ်ကိုဖြစ်သူထံသို့ သားနှင့်သမီး အမြွှာနှစ်ယောက်ကို ပိုက်ပြီး ရန်ကုန်မှ ထွက်ခဲ့သည်။

မြိတ်ကျွန်းစုတွင် နေထိုင်စီးပွားရှာ စားသောက်နေသော ဘကြီးထံသို့ ဖူးပွင့်ဝေတို့ မောင်နှမ နှစ်ယောက် ရောက်ခဲ့ကြသည်။ မြိတ်ကျွန်းစုမှာ ဖခင်ကြီးက ရေလုပ်ငန်းဖြင့် အသက် မွေးဝမ်းကျောင်းပြုခဲ့သည်။

ငယ်စဉ်ကတည်းကပင် ပင်လယ်ကမ်းနားမှာ နေထိုင်ခဲ့ရ၍ ပင်လယ်ရေနှင့် အကျွမ်းတ ဝင်ရှိခဲ့သည်။ ရေကူးကျွမ်းကျင်သလို ရေငုပ်လည်း ကျွမ်းကျင်သည်။

သူတို့နှစ်ယောက် ဆယ်နှစ်ကျော်မှာ ဖခင်ကြီး ကွယ်လွန်သွား၍ ဘကြီးကပင် သူတို့ နှစ်ယောက်ကို ပြုစုပျိုးထောင်ကျွေးမွေး စောင့်ရှောက်လာခဲ့သည်။

ဖူးပွင့်ဝေတို့ မောင်နှမ ဆယ်ကျော်သက် အရွယ်မှာ ဘကြီးက ရန်ကုန်မြို့သို့ ပြောင်း ရွှေ့နေထိုင်သည်။ ရန်ကုန်တွင်ပင် ဆယ်တန်းအောင်ပြီး မောင်နှမနှစ်ယောက်စလုံး တက္ကသိုလ် တက်ခွင့်ရခဲ့သည်။

ဘွဲ့ရပြီး ဖူးပွင့်ဝေက အလုပ်ရ၍ ဝင်လုပ်သည်။

မိုးဝေက နောက်ဆုံးနှစ်စာမေးပွဲ ဖြေပြီးကတည်းက သူငယ်ချင်းဖြစ်သူ ကလောမှာ ရှိနေကာ မိုးကျော်နိုင်ထံမှာ အလုပ်ဝင်ခဲ့သည်။

ဘကြီးကွယ်လွန်သွား၍ ဖူးပွင့်ဝေတစ်ယောက်တည်း ရန်ကုန်မှာ ထားရသည်ကို မိုးဝေ ကစိတ်မချပါ။ ကွဲကွာခဲ့တာ အချိန်ကြာမြင့်စွာရှိနေပြီဖြစ်သော ညီမကို စိတ်မချနိုင်အောင် ရှိနေ သည်။

သူငယ်ချင်းဖြစ်သူ မိုးကျော်နိုင်ရဲ့ ကလောက စိုက်ပျိုးခြံမှာ အလုပ်ဝင်ရင်းနှင့် သူ့ဘဂ အတွက် ရပ်တည်မှုကို မိုးဝေက ရခဲ့သည်။

တစ်နေ့သော နံနက်မှာ မိုးကျော်နိုင်ရဲ့ခြံထဲရှိ ရေကူးကန်မှ ရေကူးနေစဉ် မိုးဝေရေငုပ် သည်ကို ကြည့်ရင်းနှင့် မိုးကျော်နိုင်မှာ စိတ်ကူးတစ်ခုဖြစ်လာသည်။

"မင်းတော်တော် ရေငုပ်ကျွမ်းကျင်တာပဲမိုးဝေ"

"ဟုတ်တယ်လေ၊ ငယ်ငယ်ကတည်းက မြစ်မှာ ရေထဲကြီးလာရတဲ့သူပဲ
"

"ငါစိတ်ထဲမှာ တစ်ခုတွေးမိတယ်"

"ဘာများလဲ"

"အဏ္ဏဝါပြင်အောက်မှာသွားပြီး လေ့လာရင်းနဲ့ အပင်တို့ ကျောက်ခက်တို့ ဆန်းဆန်း ပြားပြား တွေ့လိုတွေ့ငြား ရှာဖွေစုဆောင်းချင်တယ်ကွာ"

"ကျော်ကြီးရာ ဘာတွေလျှောက်ပြီး စိတ်ကူးယဉ်နေတာလဲ"

"စိတ်ကူးယဉ်တာမဟုတ်ဘူး၊ တကယ်လုပ်ချင်တာ"

"အကျိုးမရှိဘဲ ငွေကြေးအများကြီး ကုန်မယ့် ကိစ္စကွ"

မိုးဝေက ပိုက်ဆံချမ်းသာတိုင်း ကြံဖန် စတန့်ထွင်ပြီး ဖြုန်းချင်သော

သူငယ်ချင်းကို စိတ်တိုတိုနှင့် ပြောသည်။

“ကုန်တော့ ဘာဖြစ်လဲ ၊ ငါသိပ်လုပ်ချင်တဲ့ အလုပ်တစ်ခုကို လုပ်ရတဲ့ စိတ်ချမ်းသာမှု က ကုန်တဲ့ငွေနဲ့ယှဉ်ရင် မပြောလောက်ပါဘူး၊ ပြီးတော့ ငါမှာ ယှဉ်ပြိုင်စရာ အကြောင်းတစ်ခု လဲ ရှိနေတယ်”

“အေးလေ၊ မင်းလိုလူအတွက် ငွေဆိုတာ ရေလို သုံးနိုင်တော့ စိတ်ရှူးပေါက်တိုင်း လုပ်ပေါ့ကွာ”

“ငါက ရေငုပ်မင်းလောက် မကျွမ်းကျင်ဘူး၊ ဒီတော့ ဒီကိစ္စမှာ မင်းကူညီမှဖြစ်မယ်”

“တကယ်ပဲ လုပ်မယ်လို့ ဆုံးဖြတ်လိုက်ပြီလား”

“အေးပေါ့ကွ”

ငယ်ပေါင်းမဟုတ်၊ တက္ကသိုလ်က ဘွဲ့ရပြီးမှ တွေ့ဆုံခဲ့ရသော သူငယ်ချင်းမို့ မိုးကျော်နိုင် ရဲ့ အကြောင်းကို မိုးဝေကောင်းကောင်းမသိခဲ့ပါ။ မိုးကျော်နိုင်မှာ သည်လိုပေါက်ကရ ရှာရှာဖွေ ဖွေ လုပ်တတ်သည့် အကျင့်ကိုလည်း ခုမှ တအံ့တဩ တွေ့ရှိနေသည်။

“တကယ်လုပ်မယ်လို့ စိတ်ကူးရင် အဲဒီ ခရီးကို သွားတဲ့ နေရာမှာ ရေငုပ်ကျွမ်းကျင်တဲ့ လူ သုံးလေးယောက်ပါရင် ပိုအဆင်ပြေတာပေါ့”

“ကိုယ်ရဲ့ ရင်းနှီးတဲ့ လူထဲကဆိုရင် ကောင်းမယ်၊ တခြားလူ သွားခေါ်ရင် ပေါက်ကရလုပ်တဲ့ အရူးလို့ ငါ့ကို ထင်ဦးမယ်”

“နို့မဟုတ်လို့လား”

“မင်းကပါ ငါ့ကို အရူးထင်တာကိုး၊ ငါ့လို စိတ်ကူးနဲ့လူမျိုးတွေ ရှိတော့ရှိတယ်၊ ရှားတယ်၊ ကမ္ဘာမှာ ငါ့လိုလူမျိုးတွေပြည့်လို့”

“ကမ္ဘာနဲ့ချီလာရင် ရှိနိုင်တယ်၊ ဒါပေမယ့် တို့နိုင်ငံမှာတော့ အဲလို

ပေါကြောင်ကြောင် ငွေကုန်ခံတဲ့လူ ရှားတယ်”

“တစ်ချိန်လုံး စီးပွားရေး နွံကြီးထဲမှာ နစ်မြုပ်ပြီး လှုပ်ရှားလာရတာ ငြီးငွေ့တယ်ကွာ၊ အဲလို ထူးထူးဆန်းဆန်းလေးတွေ ငါကလုပ်ချင်တာ”

“ဟုတ်ပါပြီ လုပ်ပါ၊ တစ်ခုအကြံပေးမလို့၊ လူလိုရင် ရေငုပ်ကျွမ်းကျင်တဲ့ ငါ့ရဲ့အမြွှာကို ခေါ်ချင်တယ်”

“ကောင်းတာပေ့ါ ဒီအပတ်အတွင်းမှာပဲ ငါတို့ပလီကို သွားမယ်၊ သူ့ကိုအဲဒီ ကိုပဲ တိုက်ရိုက်လာခိုင်းလိုက်ပေ့ါ”

“ကောင်းပြီ”

မိုးဝေနှင့်အမြွှာဆို၍ ယောကျ်ားလေးတစ်ယောက်လို့ပင် မိုးကျော်နိုင်က ထင်သည်။ အမြွှာအကြောင်းကိုလည်း စေ့စေ့စပ်စပ် မေးခဲ့ခြင်းမရှိ။ မိုးဝေကလည်း အမေးမရှိ၍ ဘာကိုမှ ဖြေရန် သတိမရပါ။ ဖူးပွင့်ဝေဆိုသော အမည်ကိုပင် မိုးကျော်နိုင်အား ပြောပြခဲ့ခြင်းမရှိပါ။

မိုးဝေထံမှ အကျိုးအကြောင်းနှင့် စာရောက်လာတော့ ကုမ္ပဏီတစ်ခုမှာ စာရေးဝင်လုပ် နေသော ဖူးပွင့်ဝေက အလုပ်မှထွက်လိုက်သည်။

မိန်းကလေးဆောင်မှာ နေပြီး မိုးဝေ ထောက်ပံ့ငွေနှင့်မိမိရှာငွေဖြင့် ဘဝကို ရပ်တည်ခဲ့ သည်။

တစ်နေ့ တစ်နေ့ ရုံးခန်းထဲမှာပဲ အချိန်ကုန်ရသည့် ဘဝကို စိတ်ပျက်ပြီး ငြီးငွေ့လာ သည်ကအမှန်။

မိုးဝေထံမှ စာအရ စွန့်စွန့်စားစား လုပ်ရမည့်ကိစ္စကို အလွန်ပင် စိတ်ဝင်စားနေသည်။

ရေကူးရေငုပ် ကျွမ်းသောကြောင့် ထိုကိစ္စနှင့် ပတ်သက်ပြီးလုပ်ရမည့် အလုပ်ကို လွန်စွာ စိတ်ဝင်စားနေသည်။

မိုးဝေက ခရီးစရိတ် ပို့ပေး၍ ချက်ချင်းလိုပင် ပေလီသို့ ထွက်လာရေးက အဆင်ပြေ သွားသည်။

မျော်လင့်ချက်တွေ တစ်ပွေ့တစ်ပိုက်ကြီးနှင့် လာခဲ့သည်။

မိုးကျော်နိုင်အား အစ်ကိုဖြစ်သူ မိုးဝေက သူမအကြောင်းကို ကြိုတင်ပြောထားလိမ့်မည် လို့ထင်ခဲ့သည်မှာ သည်ရောက်မှ မပြောရသေးကြောင်းသိရသည်။

မိုးဝေနှင့်အမြွာသည် မိန်းကလေးဆိုတာ ကိုပင် မိုးကျော်နိုင် မသိသည့်အတွက် လူမှား ပြီး မိမိကို ပိုင်ပိုင်ကြီး ဖက်တွယ်မှုခံလိုက်ရသည်လေ။

ထိုအဖြစ်ကို ပြန်လည်တွေးမိတိုင်း ရှိန်းရှိန်းဖိန်းဖိန်းကြီးနှင့် ရင်မှာ လှိုက်ခုန်ခြင်းများစွာ ဖြစ်ခဲ့ရသည်သာ။

ရင်ဖိုတောင် မသန်းခဲ့ဖူးသော မိမိ၊ ရှက်အားကြောက်အားတွေ အရမ်းကို ပိုမိုခဲ့ရသည လေ။

ခရီးစဉ်မှာ သူမကို မိုးကျော်နိုင်ထားခဲ့မှာကို လွန်စွာစိုးရိမ်ခဲ့သည်။

သူမရဲ့ အရည်အချင်းကို မကြည့်ဘဲ မိန်းကလေးတစ်ယောက်ဖြစ်နေလို့ ဆိုသော အကြောင်းပြချက်နှင့် လိုက်ပါရေးကို ပယ်ချလိုက်မှာ လွန်စွာ စိုးရိမ်နေသည်။

ကျဉ်းမြောင်းသော တစ်ယောက်အိပ် အိပ်ရာပေါ်မှာ ဘယ်လူး ညာလှိမ့်နှင့် အိပ်ပျော်ရေးကို ကြိုးစားနေသည်။

စက်လှေရဲ့ ကိုယ်ထည်ကို လှိုင်းများ ရိုက်ခတ်သံတွေဖြင့် ဖူးပွင့်ဝေ အိပ်ရာက နိုးလာ သည်။

နင်းမိသည့် ကြမ်းပြင် မငြိမ်မသက် ဖြစ်နေသည့်အဖြစ်ကို ရုတ်တရက် ကြောင်အမ်း အမ်း ဖြစ်သွားပြီးမှ သတိရလိုက်သည်။

“ဩော်. . .စက်လှေပေါ်မှာ ငါရောက်နေတာပဲလေ”

အိပ်ခန်းတံခါးကို ဖွင့်ပြီး အပြင်ကိုကြည့်လိုက်သည်။ နံနက်ဝေလီဝေလင်းပင် ရှိသေး သည်။ တိတ်ဆိတ်နေပြီး အသီးသီး အိပ်နေကြတုန်းလို့မှတ်ယူလိုက်သည်။

မျက်နှာသစ်သွားတိုက်ပြီး မှုန်နံ့သာပြေပြေလေး ခြယ်သလိုက်သည်။ ဗိုက်ထဲက ဆာ လောင်သည့်ခံစားမှုကို ခံစားရသည်။ မီးဖိုခန်းသို့ သတ်မှတ်ထားသည့် စားသောက်စရာများ ရှိနေရာသို့ထွက်လာပြီး၊ စားသောက်ဖွယ်ရာကို ရှာသည်။

ဓာတ်ဘူးထဲက ရေနွေးဖြင့် ကော်ဖီတစ်ကရားကို ဖျော်သည်။ ပေါင်မုန့်ထောပတ်နှင့် ယို ကို တွေ့၍ ပေါင်မုန့်နှစ်ချပ်ကို ထောပတ်နှင့် ယိုသုတ်ကာ ကော်ဖီခါးခါးနှင့် ဂမ်းဟာမှုကို ဖြည့် ဆည်းသည်။

စိတ်ကျူးနှင့် စားသောက်နေ၍ အနားသို့ ရောက်လာသော လူရိပ်ကို သတိမထားမိ။ မိမိရှေ့မှာ မားမားကြီး မိုးကျော်နိုင်ကို တွေ့လိုက်ရ၍ လက်ထဲက ပေါင်မုန့်ပင် ပြုတ်ကျမတတ် ဖြစ်သွားသည်။

“ဖူးပွင့်ဝေက အိပ်ရာက စောစောနိုးနေတာကိုး”

“ဟုတ်တယ် . . .ဗိုက်ဆာတာနဲ့ ကော်ဖီဖျော်သောက်လိုက်တယ်၊ ကိုမိုးကျော်နိုင်ရော သောက်ပါလား”

“ကောင်းသားပဲ”

မိုးကျော်နိုင်အတွက် ကော်ဖီပန်းကန်လုံးထဲသို့ ကော်ဖီကို ငှဲ့ထည့်ပေးလိုက်သည်။ တိတ် ဆိတ်စွာ မိုးကျော်နိုင်က ပေါင်မုန့်စားရင်း ကော်ဖီသောက်နေသည်။ သူမကို မကြာခဏလည်း လှမ်းကြည့်နေသည်။

“မင်းက ရန်ကုန်မှာ ဘာအလုပ်လုပ်လဲ ဖူးပွင့်ဝေ”

“ကုမ္ပဏီတစ်ခုမှာ စာရေးလုပ်ပါတယ်၊ ခု အလုပ်က ထွက်လာတာလေ”

မိုးကျော်နိုင်ရဲ့ မျက်ခုံးနှစ်ဖက် ပင့်တက်သွားပြီး သူမကို စေ့စေ့ကြည့်နေသည်။

“ဘာလို့ပါလိမ့်”

“ဒီခရီးစဉ်ကို လိုက်ရမယ်ဆိုတော့ အလုပ်က ထွက်လာမှ ဖြစ်မှာပေါ့”

“တို့က ကြိမ်းသေပေါက် မင်းကိုခေါ်မှာပဲလို့ မင်းကတွက်ထားတယ်ပေါ့”

မိုးကျော်နိုင်ရဲ့ စကားကြောင့် ဖူးပွင့်ဝေတကယ်ပဲ စိုးရိမ်ပူပန်သွားသည်။

“ကိုမိုးကျော်နိုင်က ပွင့်ဝေကို ခေါ်ဖို့ စိတ်ကူးမရှိတော့ဘူးလား”

“မင်းကို စာမေးပွဲစစ်ကြည့်ရမှာပေါ့”

“ဘယ်လို စစ်မှာလဲ”

“ပြောမယ်လေ. . ဒါနဲ့ တို့က မင်းကို ဒီခရီးစဉ်မှာ လုံးဝလိုက်ပါခွင့် မပြုရင် မင်းဘာ လုပ်မလဲ”

“ရန်ကုန်ပြန်ပြီး အလုပ်တစ်ခုခုကို ရအောင်ကြိုးစားရှာရမှာပေါ့၊ ပြန်သွားချင်စိတ်တော့ လုံးဝမရှိဘူး မတတ်သာတဲ့အဆုံး ပြန်ရမှာပေါ့”

“မင်းက ရန်ကုန်မှာ မပျော်ဘူးဆိုတော့ သဘောပေါ့ ဟုတ်လား”

“ဘော်ဒါဆောင်နဲ့ အလုပ်နဲ့ တစ်နေ့တစ်နေ့ ကူးနေရတာ ကြာတော့ စိတ်ပျက် ငြီးငွေ့ လာပြီ”

စူးစမ်း၍ တောက်ပြောင်နက်ရှိုင်းသော အကြည့်များ သူမရဲ့ မျက်နှာပေါ်ဝယ် မကြာခဏဝဲနေသည်။ ဖူးပွင့်ဝေရဲ့လှပသော အလှတွေကို တစ်ခုချင်း မိုးကျော်နိုင်က သုံးသပ် နေသည်။

အချောစား အပျံစားကြီး မဟုတ်ပေမယ့် ဖူးပွင့်ဝေရဲ့ အလှက စိုပြည်ပြီး

ဖမ်းစားနိုင် သော သတ္တိပြင်းအား အလွန်ရှိသည်ကို မိုးကျော်နိုင် သတိထားမိသည်။

"ဟော. . .ပွင့်ဝေတို့က နိုးပြီး ဒီမှာလာ လေပန်းနေတာကိုး "

မိုးကျော်နှင့်ကျော်ဇင်က သူတို့နှစ်ယောက်အနားရောက်လာသည်။ မိုးဝေက ဖူးပွင့်ဝေရဲ့ ပခုံးကို လှမ်းဖက်ပြီး ပြောသည်။

"စောစော နိုးပြီး ဗိုက်ဆာတာနဲ့ ဒီမှာ ကော်ဖီဖျော်သောက်နေတာ၊ ကိုမိုးတို့ သောက် မလား"

"မသောက်တော့ဘူး၊ မြို့ထဲသွားပြီး ဝယ်စရာရှိတာလေး ဝယ်ပြီး ဟိုမှာပဲ မနက်စာ စားမယ်"

"ကျော်ကြီးရော လိုက်မလား"

"မလိုက်ဘူး ကျော်ဇင်၊ ရေနက်ဘက် သွားပြီး ဖူးပွင့်ဝေရဲ့ အရည်အချင်းကို စစ်ကြည့်မလို့"

မိုးဝေက လေတစ်ချက် ချွန်ပြီး ဖူးပွင့်ဝေကို မျက်စပစ်ပြသည်။

"ဘာမှ အားမနာနဲ့ စစ်လိုက်ကျော်ကြီးရေ"

မိုးကျော်နိုင်ရဲ့ ပခုံးကို ပုတ်ပြီး သဘောတူစွာပြောသည်။ ပြီးတော့ ညီမကို လှည့်ပြီး အားပေးသည်။

"စိတ်မပူနဲ့ ပွင့်ဝေ၊ သူစစ်တဲ့စာမေးပွဲ နင်အောင်မှာပါ"

မိုးဝေနှင့် ကျော်ဇင်တို့ နှစ်ယောက်၊ စက်လှေပေါ်မှ ဆင်းသွားသည်။ ဖူးပွင့်ဝေမှာ တစ် ယောက်တည်း မိုးကျော်နိုင်နှင့် ကျန်ရစ်ခဲ့သည်။

*